အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်

မကြာခဏ ဤဒုအာကို ရွတ်ဆိုတော်မူလေ့ရှိသည် - "အို-

စိတ်နှလုံးများကို လှည့်ပြောင်းတော်မူသောအရှင်၊

ကျွန်တော်မျိုး၏ စိတ်နှလုံးသားကို

အရှင်မြတ်၏ဒီန်သာသနာပေါ်၌ ခိုင်မြဲစွာထားတော်မူပါ

အနတ်စ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် မကြာခဏ ဤဒုအာကို
ရွတ်ဆိုတော်မူလေ့ရှိသည် - "အို-စိတ်နှလုံးများကို လှည့်ပြောင်းတော်မူသောအရှင်၊ကျွန်တော်မျိုး၏ စိတ်နှလုံးသားကို အရှင်မြတ်၏ဒီန်သာသနာပေါ်၌
ခိုင်မြဲစွာထားတော်မူပါ။ ထိုအခါ ကျွန်ုပ်က "အို- အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်၊ ကျွန်တော်မျိုးတို့သည် ကိုယ်တော့်ကို
အီမာန်သက်ဝင်ယုံကြည်ခဲ့ပြီး ကိုယ်တော်ယူဆောင်လာသော ဒီန်သာသနာကိုလည်း
သက်ဝင်ယုံကြည်ခဲ့ပါသည်။ သို့ပါလျက် ကိုယ်တော်သည်
ကျွန်တော်မျိုးတို့နှင့်ပတ်သက်၍ စိုးရိမ်တော်မူပါသလား" ဟု
လျှောက်ထားမေးမြန်းခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က
"ဟုတ်တယ် (ငါကိုယ်တော်အသင်တို့နှင့်ပတ်သတ်၍ စိုးရိမ်တော်မူသည်။) မုချဧကန်
စိတ်နှလုံးသားများသည် အလ္လာဟ်အရှင်မြတ်၏ လက်ချောင်းနှစ်ချောင်းကြားတွင်
ရှိတော်မူ၏။ အရှင်မြတ်သည် အလိုရှိတော်မူသလို ၎င်းတို့ကို လှည့်ပြောင်းတော်မူ၏"
ဟု မိန့်ကြားတော်မူသည်။ [صحيح] [رواه الترمذي وأحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်ထံတော်တွင်ဒီန်သာသနာနှင့် အမိန့်နာခံမှုအပေါ် ခိုင်မြဲစွာရပ်တည်နိုင်ရန်နှင့်လမ်းမှားရောက်ခြင်းမှ ကင်းဝေးရန် မကြာခဏ ဒုအာတောင်းခံတော်မူလေ့ရှိသည်။ အနတ်စ် ဗင်န်မာလိက်(ရဿွိယလ္လာဟုအန်ဟု) သည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)၏ ဤဒုအာကိုမကြာခဏတောင်းခံခြင်းကို အံ့ဩခဲ့သည်။ ထို့ကြောင့် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် လူသား ၏ စိတ်နှလုံးများသည် အလ္လာဟ်အရှင်မြတ်၏လက်ချောင်းနှစ်ချောင်းကြားတွင် ရှိကြောင်း၊ အရှင်မြတ်သည် အလိုတော်ရှိရာလှည့်ပြောင်းတော်မူကြောင်း ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်။ စိတ်နှလုံးသည်အီမာန်ယုံကြည်မှုနှင့် ကုဖ်ရ်သွေဖည်ငြင်းဆန်မှု၏ ဗဟိုချက်ဖြစ်သည်။ စိတ်နှလုံးကို "ကလ်ဗ်" ဟု အမည်ပေးရခြင်းမှာ ၎င်း၏ လျင်မြန်စွာ ပြောင်းလဲတတ်သော သဘောသဘာဝကြောင့်ဖြစ်သည်။ စိတ်နှလုံးသည် (မီးဖိုပေါ်) ရှိ ဆူပွက်နေသော အိုးထက်ပင်လျှင်ပို၍ မတည်မငြိမ်ဖြစ်ကာ ပြောင်းလဲတတ်သည်။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည်မိမိအလိုရှိသူ၏ စိတ်နှလုံးကို လမ်းမှန်ပေါ် ခိုင်မြဲစေတော်မူပြီး၊ အလိုရှိသူ၏စိတ်နှလုံးကိုလမ်းမှားသို့လှည့်စေတော်မူသည်။